ပို့ချချက် ( ၂ )

# စီရင်ပိုင်ခွင့်အာဏာ
# (Jurisdiction)

**ပြစ်မှု (သို့) ရာဇ၀တ်မှုဆိုတာဘာလဲ။ ပြစ်မှုကျူးလွန်တယ် ဆိုတာဘာကို ခေါ်သလဲ။**

၁။ ယေဘုယျ ရှင်းလင်းချက်

–လူတဦးတယောက်၏ ပြုမူဆောင်ရွက်ချက်ကြောင့် အခြားသူတစ်ဦးဖြစ်စေ၊ လူအဖွဲ့အစည်းတစ်ရပ်လုံးတွင်ဖြစ်စေ၊ ထိခိုက်နစ်နာစေသောအမှုများကို ရာဇ၀တ်မှု ဟုခေါ် သည်။

၂။ ပြစ်မှုဆိုင်ရာ ဥပဒေအရ ရှင်းလင်းချက်

(က) ဥပဒေပြဋ္ဌာန်းချက်များကိုဆန့်ကျင်လျှင်သော်လည်းကောင်း။

(ခ) ဥပဒေပြဋ္ဌာန်းချက်အတိုင်းမလိုက်နာဘဲ ပျက်ကွက်လျှင်သော်လည်းကောင်း၊ ပြစ်ဒဏ်တစ်ရပ်ရပ်ကျခံရမှုကို ပြစ်မှုဟုခေါ်ဆိုပေသည်။ **ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၂)**

၃။ ခြုံငုံရှင်းလင်းချက်

သက်ဆိုင်ရာတိုင်းပြည်များမှ ထုတ်ပြန်ထားသော ဥပဒေများကို လိုက်နာရန် ပျက်ကွက်ခြင်း (သို ့မဟုတ်) ချိုးဖောက်ခြင်းပြုလျှင် ပြစ်မှုကျူးလွန်သည်ဟု ခေါ်သည်။

**တရားမမှုဆိုတာဘာလဲ။**

လူပုဂ္ဂုလ်တစ်ဦးနှင့် အခြားလူတဦးအကြား (သို့) မိသားစုဝင်အချင်းချင်းကြားတွင် ငွေကြေး၊ ဥစ္စာပစ္စည်း အခွင့်အရေးတို့နှင့်စပ်လျဥ်း၍ ပိုင်ထိုက်ဆိုင်ထိုက် အငြင်းပွားသော မှုခင်းမျိုးကို တရားမမှုဟုခေါ်သည်။

**တရားမမှု အမျိုးအစားတွေက ဘာတွေလဲ။**

(က) အမွေမှုများ။

(ခ) မရွှေ့ပြောင်းနိုင်သောပစ္စည်းကို လက်ရောက်ရလိုမှုများ။

(ဂ) ထိမ်းမြားခြင်း၊ ကွာရှင်းခြင်း၊ သားသမီးမွေးစားခြင်းနှင့် ဆိုင်သောအမှုများ။

(ဃ) ပစ္စည်းလွှဲပြောင်းခြင်း နှင့်ဆိုင်သောအမှုများ။

(င) အခွင့်အရေးရှိကြောင်းမြွက်ဟကြေငြာပေးစေလိုမှုများ။ (Declaration suit)

(စ) ---------------------------။

**စီရင်ပိုင်ခွင့်အာဏာဆိုတာဘာလဲ။**

ပြစ်မှု (သို့)ရာဇ၀တ်မှုများတွင် ပြစ်မှုအမျိုးအစားနှင့်ကျူးလွန်သည့် အတိုင်းအတာ အလိုက် ပြစ်ဒဏ်ချမှတ်နိုင်သည့်တရားရုံး၏ လုပ်ပိုင်ခွင့်ကိုစီရင်ပိုင်ခွင့်အာဏာဟုခေါ်သည်။

**စီရင်ပိုင်ခွင့်အာဏာ ဘာကြောင့်အရေးကြီးလဲ။**

၁။ တရားရုံးနှင့်တရားသူကြီးများသည် မိမိတွင်မည်သည့်အတိုင်းအတာအထိ စီရင်ပိုင်ခွင့် အာဏာရှိသည်ကို တိကျစွာ သိထားရမည်။ စီရင်ပိုင်ခွင့်အာဏာမရှိသော မှုခင်းမျိုးကို မည်သည့် တရားရုံးနှင့် တရားသူကြီးကမျှ စီရင်ဆုံးဖြတ်ခြင်း မပြုနိုင်။

၂။ စီပိုင်ခွင့်အာဏာ မရှိဘဲ၊ စီရင်မိလျှင် တရားသူကြီး၏ ရာထူးနေရာတည်မြဲမှုကို သာမက တရားမျှတမှန်ကန်မှု

ကိုပါ ထိခိုက်စေနိုင်သည်။
၃။ စီရင်ပိုင်ခွင့်အာဏာမရှိဘဲစီရင်မိသည်ကို ရှေ့နေများသိ၍ တဆင့်မြင့်ရုံးသို့တက် လျှင် ယင်းအမှုသည် ပျက်ပြယ်သွားနိုင်သည်။

**စီရင်ပိုင်ခွင့်အာဏာဘယ်နှစ်မျိုးရှိသလဲ။**

၁။ နေရာဒေသအလိုက် စီရင်ပိုင်ခွင့်အာဏာ။ Local Jurisdiction
၂။ ငွေကြေးတန်ဖိုးအလိုက်စီရင်ပိုင်ခွင့် အာဏာ။ Pecuniary Jurisdiction
၃။ အမှုအမျိုးအစားအလိုက် စီရင်ပိုင်ခွင့်အာဏာ။ Subject matter of the case

**မြန်မာနိုင်ငံတရားရုံးတွေမှာ ဘယ်လို စီရင်ပိုင်ခွင့်အာဏာမျိုးတွေကို ကျင့်သုံးနေသလဲ။**

(သရုပ်ပြပုံများ နှင့် တကွ နိုင်းယှဉ်ရှင်းလင်းရန်)

# အမှုများကိုတိုင်တန်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း

**(၁) မှုခင်းများဖြစ်ပွားပါက ဖြစ်မှုကျူးလွန်ခံရသူအနေဖြင့် တိုင်တန်းခွင့်ရရန် အဘယ့်ကြောင့်အရေးကြီးသနည်း။**

---------------------------------------------------------------

---------------------------------------------------------------

---------------------------------------------------------------

**(၂) တိုင်တန်းခြင်းဘယ်နှစ်မျိုးရှိသနည်း။**

(က) ရဲစခန်းတွင်တိုင်တန်းခြင်း။

(ခ) တရားရုံးတွင်ဦးတိုက်လျှောက်ထားခြင်း။

**(၃)** (ရဲအရာရှိများက အရေးယူဆောင်ရွက်ခြင်း အခြေခံမှ) **ပြစ်မှုအမျိုးအစားဘယ်နှစ်မျိုးရှိသနည်း။**

**(က) ရဲအရေးပိုင်သောပြစ်မှု။**

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ နောက်ဆက်တွဲဇယား (၂)တွင်ဖေါ်ပြထားသောပြစ်မှုများအနက် ရဲကဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည့် အမှုများကို ရဲအရေးပိုင်သောပြစ်မှုများဟုခေါ်သည်။

ရဲအရေးပိုင်သောပြစ်မှု–သာဓကများ။

(၁)

(၂)

(၃)

(၄)

(၅)

**(ခ) ရဲအရေးမပိုင်သောပြစ်မှု။**

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ နောက်ဆက်တွဲဇယား (၂)တွင်ဖေါ်ပြထားသောပြစ်မှုများအနက် တရားရုံးကဝရမ်းပါမှသာ ဖမ်းဆီးခွင့်ရှိသည့် အမှုများကို ရဲအရေးမပိုင်သောပြစ်မှုများဟုခေါ်သည်။

ရဲအရေးမပိုင်သောပြစ်မှု – သာဓကများ။

(၁)

(၂)

(၃)

(၄)

(၅)

**ရဲစခန်းတွင်တိုင်တန်းခြင်း။**

ပြစ်မှုကျူးလွန်ခံရပြီးလျှင်ပြီးခြင်း ကျူးလွန်ခံရသူသည် ရဲစခန်းတွင် တိုင်တန်းနိုင်သည်။

–နှုတ်၊ စာ၊ ဖုန်း–တို့ဖြင့် တိုင်ကြားနိုင်သည်။

–မည်သူမဆိုတိုင်ကြားနိုင်သည်။

–အခင်းဖြစ်ပွားချိန်၊ နေရာ၊ ဖြစ်ပွားပုံ၊ ပြစ်မှုကျူးလွန်ကြောင်းသံသယရှိသူ၊ မည်သို့ကျူးလွန်ခံရသည်– အစရှိသည်တို့ကို တတ်နိုင်သမျှအတိအကျ ဖေါ်ပြရမည်။

–အခင်းဖြစ်ပွားသည့်အချိန်တွင်သက်သေရှိလျှင်ဖေါ်ပြတိုင်ကြားရမည်။

–တိုင်ချက်ကို လက်ခံရရှိလျှင် ရဲအရာရှိက တိုင်ချက်မှတ်ပုံတင်စာအုပ်တွင် ရေးမှတ်ရမည်။

## ရဲစခန်းတွင်တိုင်တန်းပြီးနောက် ရဲကအရေးယူဆောင်ရွက်ရာ၌ တရားမျှတသော တရားစီရင်စစ်ဆေးမှု ပေါ်ပေါက်လာရေးကို အဟန့်အတန်းဖြစ်စေ သည့်အခြေအနေများ။

### (က) ပြစ်မှု ကျူးလွန်ခံရသူ (တရားလို) အနေဖြင့် နစ်နာနိုင်သည့် အခြေအနေများ

(၁) မှုခင်းဖြစ်ပွားပြီးနောက် ကျူးလွန်ခံရသူအနေဖြင့် အမြန်ဆုံးတိုင်တန်းနိုင်ခွင့် မရှိလျှင်။
(၂) တိုင်တန်းချက်ကို စနစ်တကျ ပြည့်စုံစွာရေးမှတ်ထားခြင်း မရှိလျှင် ။
(၃) တိုင်တန်းချက်များကို မှားယွင်းစွာ၊ ရေးသားထားလျှင်။
(၄) ပြစ်မှုကျူးလွန်ခံရသူအနေဖြင့် တိုင်ချက်မိတ္တူကို ရနိုင်ခွင့်မရှိလျှင်။
(၅) ပြစ်မှုကျူးလွန်ခံရသူမှာ ဘာသာစကားအရအားနည်းပြီး စကားပြန်ရနိုင်ခွင့် မရှိလျှင်။
(၆) ပြစ်မှုကျူးလွန်ခံရသူသည် အားနည်းသောအမျိုးသမီးဖြစ်ပြီး လူမှုရေးအရကူညီဆောင်ရွက် ပေးမည့်အဖွဲ့ အစည်းများမှ ပုဂ္ဂိုလ်များပါ ရဲစခန်းသို့အတူလိုက်ပါ၍ ကူညီအမှုဖွင့်ပေးနိုင်ခြင်း မရှိလျှင်။
(၇) တိုင်ချက်ဖွင့်လှစ်၍ အမှုကို လက်ခံထားသော်လည်း ရဲစုံစမ်းစစ်ဆေးရေးအရာရှိကမည်သို့ ဆက်လက်အရေးယူဆောင်ရွက်နေကြောင်း၊ ထုတ်ဖော်ပြောဆိုရန်ငြင်းဆန်လျှင်။
(၈) တိုင်ချက်ကိုလက်ခံ၍ အမှုဖွင့်လှစ်ထားသော်လည်း၊ အမှုကို ထိရောက်စွာ၊ အရေးယူစုံစမ်းခြင်းမရှိဘဲ၊ နှောင့်နှေးစွာ လုပ်ဆောင်နေလျှင်။
(၉) မှုခင်းအတွက် လိုအပ်သော သက်သေခံအထောက်အထားများကို တတ်နိုင်သမျှ လျှင်မြန်စွာ၊ ရယူစုဆောင်းခြင်းမရှိလျှင်။
(၁၀) စုံစမ်းစစ်ဆေးရန် တာဝန်ရှိသောရဲအရာရှိ၏ အမျိုးမျိုးသော နှောင့်နှေးကြန့်ကြာမှုကို တွေ့ရှိရသော်လည်း အဆိုပါအရာရှိ၏ ယင်းသို့သောလုပ်ရပ်အပေါ် တဆင့်တက်၍ တိုင်တန်းနိုင်သည့် (ရဲ မဟုတ်သော) အခြားအဆင့်မြင့် အစိုးရအာဏာပိုင်များ မရှိလျှင်။

တရားစီရင်စစ်ဆေးသော အဆင့်သို့ မရောက်မီမှာပင် ပြစ်မှုကျူးလွန်ခံရသူအနေဖြင့် တရားမျှတမှု ဆုံးရှုံးနေပြီ ဟု သုံးသပ်နိုင်သည်။

### <u>(ခ) ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခံရသူ (တရားခံ) အနေဖြင့် နစ်နာနိုင်သည့် အခြေအနေများ။</u>

ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲ ခံရသူ ကို ရဲက ဖမ်းဆီးပြီးစုံစမ်းစစ်ဆေးရန်ရှိလျှင် အောက်ပါ အခြေအနေများကို လိုက်နာလုပ်ဆောင်ရန် တာဝန်ရှိသည်။

(၁) ဖမ်းဆီးရခြင်း အကြောင်းရင်းကို ရှင်းပြရမည်။
(၂) ဖမ်းဆီးခံရပြီးနောက် ကျန်းမာရေးစစ်ဆေးခွင့် ရှိရမည်။
(၃) မိသားစုနှင့် ဆက်သွယ်ခွင့် ရှိရမည်။
(၄) ပြင်ပကမ္ဘာနှင့်ဆက်သွယ်ခွင့်၊ လူမှုရေး ကူညီထောက်ပံ့မှုများ ရယူခွင့် ရှိရမည်။
(၅) ဖမ်းဆီးချုပ်နှောင်ထားစဉ်ကာလအတွင်း သင့်တင့်လျောက်ပတ်သော စားရေး၊ နေရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်။
(၆) ရှေ့နေရှေ့ရပ်နှင့်တိုင်ပင်ခွင့်၊ငှားရမ်းခွင့်ပေးရမည်။
(၇) ညှင်းပမ်းနှိပ်စက်မှုမရှိစေရ။
(၈) အချုပ်လွတ် ထုချေ ခွင့် (အာမခံ) ရယူနိုင်အောင်စီစဉ်ဆောင်ရွက်ပေးရမည်။
(၉) ပြစ်မှုကျူးလွန်သူဖြစ်ကြောင်းတရားရုံးက မဆုံးဖြတ်မခြင်း အပြစ်ကင်းမဲ့သူဖြစ်ကြောင်းမှတ်ယူကာ စုံစမ်းစစ်ဆေးသော ရဲအရာရှိများက စွပ်စွဲခံရသူအပေါ် ကောင်းမွန်စွာဆက်ဆံရမည်။
(၁၀) အမြန်ဆုံးတရားရုံးတင်စစ်ဆေးခွင့် ရအောင်စီစဉ်ဆောင်ရွက်ပေးရမည်။

(၂၄) နာရီ

(၁၅) ရက်
(၁)လ
(၇)နှစ်အထိ နှင့်    (၇)နှစ်အထက်

**<u>တရားရုံးတွင်ဦးတိုက်လျှောက်ထားခြင်း</u>**

ရဲအရေးမပိုင်သည့်မှုခင်းများကို အရေးယူဆောင်ရွက်ခွင့်ရစေရန် တရားလိုကိုယ်တိုင်တရားရုံးသို့ သွား၍ လျှောက်ထားခြင်းဆိုလိုသည်။

–တိုင်တန်းသူကိုစစ်ဆေး (၂၀၀)
–တိုင်တန်းချက်ကို အရေးယူခွင့်ရှိမရှိ (၂၀၁)
–အမိန့်စာထုတ်ဆင့်ခြင်း (၂၀၂)
–တိုင်တန်းချက်ပလပ် (၂၀၃)
–အရေးယူဆောင်ရွက်ခြင်း (၂၀၄)

ပို့ချချက် (၄)

# ဖမ်းဆီးခြင်း (Arrest)

**၁။ ဖမ်းဆီးခြင်းဆိုတာဘာလဲ။**

ဖမ်းဆီးခြင်းဆိုသည်မှာ ပြစ်မှုကျူးလွန်သူအားလွတ်ထွက်မပြေးအောင်ပြုလုပ်ရာတွင်ဖြစ်စေ၊ ငြိမ်ဝပ်ပိပြားရေးမပျက်စီးစေရန်တားမြစ် ကာကွယ်ရာတွင်ဖြစ်စေ၊ အများနှင့်သက်ဆိုင်သည့်ပစ္စည်းတစုံတရာထိခိုက်ပျက်စီးအောင်အားထုတ်ပြုလုပ်သူကိုအရေးယူရန် အတွက်ဖြစ်စေ တားဆီးချုပ်နှောင်ခြင်းကိုဆိုသည်။

**၂။ ဘယ်သူတွေမှာ ဖမ်းဆီးခွင့်ရှိသလဲ။**

– ရဲ (သာမန်အခြေအနေ)
– ထူးခြားတဲ့အခြေအနေသာမန်ပြည်သူ
– ကျင့်ထုံးပုဒ်မ– ၆၄ – ရာဇဝတ်တရားသူကြီးကိုယ်တိုင်ဖမ်းဆီးခြင်း။

**၃။ ဖမ်းဝါးရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိတဲ့ မှုခင်းတွေက ဘာတွေလဲ။**
**မည်သည့် ရဲအရာရှိမဆို ရာဇဝတ်တရားသူကြီးထံမှ အမိန့် မရဘဲဖြစ်စေ၊ ဝရမ်းမပါဘဲဖြစ်စေ အောက်ပါသူများကို ဖမ်းဆီးနိုင်သည်။** **ကျင့်ထုံးပုဒ်မ ၅၄ (၁)**

(က) ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုတရပ်ရပ်နှင့် စပ်ဆိုင်နေသူ၊ ယင်းသို့ စပ်ဆိုင်ကြောင်း ယုတ္တိတန်စွာ မသင်္ကာဘွယ်ရာဖြစ်သူ။
(ခ) အိမ်ဖေါက်ထွင်းကိရိယာတစုံတရာကို ဥပဒေနှင့် လျော်ညီသည့် အကြောင်းမရှိဘဲ လက်ဝယ်ထားသူ။
(ဂ) ဥပဒေအရသော်လည်းကောင်း၊ နိုင်ငံတော်သမတ ကသော်လည်းကောင်း၊ ပြစ်မှုကျူးလွန်သူဖြစ်ကြောင်း ကြေငြာခြင်းခံရသူ။
(ဃ)ခိုးရာပါပစ္စည်းကို လက်ဝယ်ထားသူ၊ ယင်းပစ္စည်းနှင့် စပ်လျဥ်း၍ ပြစ်မှုကျူးလွန်ကြောင်း ယုတ္တိတန်စွာ မသင်္ကာဘွယ်ဖြစ်သူ။
(င) ရဲအရာရှိတာဝန်ထမ်းဆောင်စဉ် ပိတ်ပင်တားဆီးသူ (သို့) ဥပဒေ နှင့်အညီချုပ်ထားရာမှ ထွက်ပြေးယူ၊ (သို့) ထွက်ပြေးရန်အားထုတ်သူ။
(စ) မြန်မာ့တပ်မတော် ကြည်းတပ်၊ ရေတပ်၊ လေတပ်မှ တပ်ပြေး။
(ဆ) နိုင်ငံအတွင်းကျူးလွန်လျှင် ပြစ်ဒဏ်စီရင်ခံရမည့် ပြစ်မှုမျိုးကို ပြင်ပတွင်ကျူးလွန်ရာ၌ စပ်ဆိုင်ပါဝင်ကြောင်း ယုတ္တိတန်စွာ မသင်္ကာဘွယ်ဖြစ်သူ။
(ဇ) အကျဉ်းထောင်မှ လွတ်လာပြီးနောက် မည်သည့်အရပ်တွင်နေထိုင်ကြောင်း ပြောကြားရန်သတ်မှတ်ထားသော နည်းဥပဒေ တရပ်ရပ်ကို ချိုးဖေါက်သည့် လွတ်ပြီးအကျဉ်းသားမည်သူကို မဆို။
(ဈ) ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသောအမှုများအတွက် အခြားရဲအရာရှိက ဖမ်းဆီးပေးရန် တောင်းဆိုခံရသူ။

**နေထိုင်ရာ အတည်တကျ မရှိသူ၊ လုယက်တတ်သူ စသည်တို့ ကို ဖမ်းဆီးခြင်း။**
**မည်သည့် ရဲအရာရှိမဆို အောက်ပါသူများအား ဆိုခဲ့သည့် နည်းလမ်းအတိုင်းဖမ်းဆီးနိုင်သည်။**
**ကျင့်ထုံးပုဒ်မ ၅၅ (၁)**

(က) ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှု တရပ်ရပ်ကို ကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ကြိုတင်ဖုံးကွယ်နေသည်ဟု ယုံကြည်ရန် အကြောင်းရှိသူ။

(ခ) အသက်မွေးဝမ်းကြောင်းလုပ်ငန်း ထင်ထင်ရှားရှားမရှိသူ။ မိမိအကြောင်းကို ကြေနပ်လောက်အောင် ပြောမပြနိုင်သူ။
(ဂ) လုယက်တတ်သူ၊ ဖေါက်ထွင်းတတ်သူ၊ ခိုးတတ်သူ၊ ခိုးရာပါပစ္စည်းကို လက်ခံတတ်သူ၊ ခြောက်လှန့် တောင်းယူတတ်သူ။

## ၄။ ဖမ်း ဝါရမ်းကိုဘယ်လိုတောင်းမလဲ။

– ဖမ်းဝါးရမ်းမှာ တစုံတယောက်သောသူကို ရုံးကအလိုရှိသဖြင့်ဖမ်းဆီးခေါ်ဆောင်ခဲ့စေရန်ဆင့်ခေါ်သည့် အမိန့်စာဖြစ်သည်။
– ရဲအရေးပိုင်သည့်မှုခင်းများကို ဖမ်းဆီးရန်အာဏာရှိသောရဲအရာရှိ က ၎င်း၏ လက်အောက်အရာရှိကို ဝရမ်းမပါဘဲ ဉပဒေ နှင့် အညီဖမ်းဆီးထိုက်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးစေရန် လွှဲအပ်နိုင်သည်။
(ကျင့်ထုံးပုဒ် ၅၆)
– ရဲအရေးမပိုင်သည့်ပြစ်မှုအတွက်ဖမ်းဆီးရန်ဖမ်းဆီးခွင့်အာဏာရှိသောရဲ မှ သက်ဆိုင်ရာ အခွင့်အာဏာရှိသော တရားရုံးထံမှ ဖမ်းဝါရမ်းကိုတောင်းရမည်၊
– ဖမ်းဝါးရမ်းမှာ ရုံးမှထုတ်ဆင့်၍စာဖြင့်ရေးသားရပြီးရုံး၏ အကြီးအကဲလက်မှတ်ရှိရမည်။
– ဝါရမ်းစာကိုထုတ်ဆင့်သည့်ရုံးမှမဖျက်သိမ်းသမျှ အတည်ဖြစ်သည်။

## ၅။ ဘယ်လိုမှုခင်းမျိုးကို ဖမ်းဝါရမ်းတောင်းရမလဲ။

– ပြစ်မှုဆိုင်ရာကျင့်ထုံးဉပဒေ  နောက်ဇယား (၂) တွင်ဖော်ပြထားသည်ရဲကအရေးမပိုင်သည့်မှုခင်းများ၊

## ၆။ ရမန်ဆိုတာဘာလဲ။ (Remand)

– စွပ်စွဲခံရသူများ (တရားခံများ) ကိုဖမ်းဆီးပြီးနောက် ၂၄ နာရီအတွင်းတရားရုံးသို့တင်ပို့ရမည်။ သက်ဆိုင်ရာရဲစခန်းမှယင်းစွပ်စွဲခံရသူအားဆက်လက်ချုပ်နှောင်ထားရန်လိုအပ်ပါက– တရားရုံးသို့သွားရောက်ပြီး ဆက်လက်ချုပ်နှောင်ခွင့်အမိန့်ကို တောင်းခံခြင်းကိုရီမန်ယူခြင်းဟုခေါ်သည်။

(၁) တရားခံကိုတရားရုံး ရှေ့သို့ပေးပို့ရမည်။
(၂) တရားခံကိုတရားသူကြီးရှေ့မှောက်သို့တင်ပို့ခြင်းမပြုလျှင်ရီမန်အမိန့်မပေးရ။
(၃) ရီမန်အမိန့်ကိုတတိယတန်းအာဏာရတရားသူကြီးကမပေးနိုင်။
(၄) ၇ နှစ်နှင့်၇ နှစ်အထက် အပြစ်ပေးနိုင်သောအမှုများတွင်ရက်ပေါင်း (၃၀) ထိ ချုပ်မိန့်နှင့် (၇)နှစ်အောက် အပြစ်ပေးနိုင်သောအမှုများတွင် (၁၅) ရက် ချုပ်မိန့် (ရီမန်) ပေးနိုင်သည်။
(၅) တရားခံကိုချုပ်ထားရမည့်နေရာကိုတရားသူကြီးအမိန့် စာနှင့်ဝါရမ်းတို့တွင်သတ်မှတ်ဖေါ်ပြရမည်။
(၆)ချုပ်မန့် ပေးသည့်အမိန့်ကိုလျောက်လွှာ ကျောဘက်တွင်တရားသူကြီးကိုယ်တိုင်ရေးမှတ်ထားရမည်။
(၇) ချုပ်မိန့် ပေးသည့်အကြောင်းပြချက်မှာတိကျသေချာရမည်။
(၈) မည်သည့်နေ့မှမည်သည့်နေ့အထိ ချုပ်မိန့် ပေးလိုက်ကြောင်းကိုရဲအမှုနေ့စဉ်မှတ်တမ်းတွင်ထပ်ဆင့် ရေးမှတ်၍လက်မှတ်ထိုးရမည်။
(၉) ချုပ်မိန့် ယူထားသောကာလအတွင်းအမှုကိုအပြီးအပြတ်စစ်ဆေးရမည်။

## ၇။ မတရားဖမ်းဆီးခြင်းဆိုသည်မှာအဘယ်နည်း။

**၈။ သံသယနှင့်ဖမ်းဆီးချုပ်နှောင်ခြင်းဆိုသည်မှာအဘယ်နည်း။**

(၁၉၇၅ ခုနှစ် နိုင်ငံတော်အား နောက်ယှက်ဖျက်ဆီးသူများ၏ အန္တရာယ်မှ ကာကွယ်သည့် ဥပဒေ)

**၉။ လူ့ဂုဏ် အကျဉ်းစခန်းများတွင် ဖမ်းဆီးချုပ်နှောင်ထားမှု မရှိစေရန် အဘယ်ကြောင့်အရေးကြီးသနည်း။**

**၁၀။ ဖမ်းဆီးခံရသူ၏အခွင့်အရေးကဘာတွေရှိသလဲ။**

တရားမျှတသောတရားစီရင်စစ်ဆေးမှုပေါ်ပေါက်ရန်အတွက်စတင်ဖမ်းချိန်မှစ၍အဖမ်းခံရသူ၏အခွင့်အရေးများမှာ (ပို့ ချက်ချက် ၃ တွင် ဖေါ်ပြခဲ့သော အချက်များ အပြင်)

(၁) ဖမ်းဆီးပိုင်ခွင့်ရှိသူမှ ဥပဒေ နှင့် အညီ ဖမ်းဆီးခြင်းဖြစ်ရမည်။

(၂) ဖမ်းဆီးသည့်မှတ်ပုံတင်စာရင်းတွင်ရေးသွင်းရမည်။

(က) ဖမ်းဆီးခံရသူနှင့်ပတ်သက်သည့်အချက်အလက်များ၊

(ခ) ဖမ်းဆီးရသည့်အကြောင်းအရင်းနှင့်ခွင့်ပြုသောအရာရှိ၊

(ဂ) ဖမ်းသည့်အချိန် နေ့ရက် – လွှတ်လျှင်လွှတ်သည့်အချိန် နေ့ရက်၊

(၃) ဖမ်းဆီးပြီးနောက်

– အမျိုးသမီးနှင့်အမျိုးသားခွဲခြားထားရှိရမည်။

– ပြစ်ဒဏ်စီရင်ပြီးသောအကျဉ်းသားများကိုအမှုရင်ဆိုင်နေသည့်အကျဉ်းသားများနှင့်ခွဲခြားထားရှိ ရမည်။

– ပြစ်မှုအကျဉ်းသားနှင့်တရားမမှုအကျဉ်းသားများခွဲခြားထားရမည်။

– ငယ်ရွယ်သောအကျဉ်းသားနှင့်အရွယ်ကြီးသောအကျဉ်းသားများခွဲခြားထားရှိရမည်။

(၄) နေရာထိုင်ခင်း၊

(၅) လုံလောက်သောရေချိုးခွင့်၊

(၆) တကိုယ်သန့်ရှင်းမှုနှင့်ကျန်းမာမှုအတွက်အထောက်အပံ့

(၇ အဝတ်အစား၊

(၈) အစားအသောက်၊

(၉) ဆေးဝါးကုသခွင့်၊

(၁၀) ကိုယ်ဝန်ဆောင်အမျိုးသမီးအကျဉ်းသားများအတွက်အခွင့်အရေး၊

(၁၁) အကျဉ်းသားများအတွက်စာအုပ်စာပေ၊

(၁၂)ဘာသာရေး၊

(၁၃) အကျဉ်းသားများများပစ္စည်းဥစ္စာများကိုထိမ်းသိမ်းမှု၊